WASHINGTON STATE BOARD OF HEALTH

HEALTH EQUITY
Governor's Interagency Council on Health Disparities

# ကျန်းမာရေးသက်ရောက်မှုဆန်းစစ်ချက်များ – မိတ်ဆက်

https://youtu.be/Fe59CxyttNk?feature=shared (အင်္ဂလိပ်စာဖြင့်)

မင်္ဂလာပါ ၊ ကျွန်မက Lindsay ပါ။ ကျွန်မဟာ ကျန်းမာရေးသက်ရောက်မှုဆန်းစစ်ချက်များကို ရေးသားသည့်အဖွဲ့၏ အဖွဲ့ဝင်တစ်ယောက်ပါ (H-I-R များလို့လည်း ခေါ်ပါတယ်)။ HIR သည် မျှတပြီး ပါတီကျောထောက်နောက်ခံမရှိဘဲ အထောက်အထားများကိုအသုံးပြု၍ မူကြမ်းတစ်ခု သို့မဟုတ် ဘတ်ဂျက်အဆိုပြုချက်တစ်ခုသည် ဝါရှင်တန်ပြည်နယ်၏ ကျန်းမာရေးနှင့် ညီမျှမှုအပေါ် မည်သို့သက်ရောက်မည်ကို ဆန်းစစ်သည့် အကဲဖြတ်မှုတစ်ခုဖြစ်ပါတယ်။ HIR များသည် ကျန်းမာရေး သို့မဟုတ် ညီမျှမှုရှုထောင့်မှနေ၍ ဆုံးဖြတ်ချက်ချမှတ်သူများအား မူဝါဒသီးသန့် သတင်းအချက်အလက်များကို ပေးပါတယ်။

မည်သည့်ဝါရှင်တန်ပြည်နယ် လွှတ်တော်အမတ် သို့မဟုတ် နာယကမဆို HIR တောင်းဆိုနိုင်ပြီး၊ အဆိုပြုထားသောမူကြမ်းသည် တရားဥပဒေအဖြစ်မပြဋ္ဌာန်းရသေးပါက မည်သည့်မူဝါဒဆိုင်ရာအကြောင်းအရာကိုမဆို ပြီးမြောက်အောင်လုပ်ဆောင်နိုင်ပါတယ်။ ကျွန်မတို့သည် လွှတ်တော်အစည်းအဝေးကာလအတွင်းတွင် HIR များကို 10 ရက်အတွင်းပြီးမြောက်ရန် လိုအပ်ပြီး လွှတ်တော်အစည်းအဝေးကာလမဟုတ်ချိန်တွင် အချိန်ကန့်သတ်ချက်များကို ပိုမိုဖြေလျှော့ထားပါတယ်။

လွှတ်တော်အမတ်များသည် HIR များကို အကြောင်းရင်းများစွာအတွက် တောင်းခံနိုင်ပါတယ်။ အချို့သော လွှတ်တော်အမတ်များသည် HIR တွေ့ရှိချက်များကို မူကြမ်းအဆိုပြုချက်တစ်ခု ဥပဒေအဖြစ်အတည်ပြုခံရပါက ဖြစ်နိုင်ခြေရှိသည့်သက်ရောက်မှုများကို လေ့လာရန်၊ လုပ်ဖော်ကိုင်ဖက်များနှင့် အဆိုပြုချက်များကို ဆွေးနွေးရန်၊ သို့မဟုတ် အဆိုပြုချက်တစ်ခုကို အပြောင်းအလဲများပြုလုပ်ရန်အတွက် အသုံးပြုနိုင်ပါတယ်။

အပြီးသတ်ပြီးသော HIR အားလုံးသည် ပြည်နယ်ကျန်းမာရေးဘုတ်အဖွဲ့ ဝက်ဘ်ဆိုက်တွင် ရှိပါတယ်။

အချက်အလက်များပိုမိုသိရှိရန် www.sboh.wa.gov/hir ဝက်ဘ်ဆိုက်သို့သွားရောက်ပါ (အင်္ဂလိပ်စာဖြင့်)။